# ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုအပေါ် COVID – 19 ကမ္ဘာ့ကပ်ရောဂါ၏ အကျိုးသက်ရောက်မှု

ဒေါက်တာလှမောင်၊ သံအမတ်ကြီး (ငြိမ်း)၊
မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၊ စီးပွားရေးဘာသာရပ်အဖွဲ့၊ အဖွဲ့ခေါင်းဆောင် (၁)

## ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

- COVID -19 ကပ်ရောဂါ အခြေအနေ၊ ရုရှား-ယူကရိန်းစစ်ပွဲ ဆက်လက်ဖြစ်ပွားနေမှု၊ ငွေကြေးဖောင်းပွမှုနှင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုမှာ အဓိကတွန်းအားဖြစ်တဲ့ အမေရိကန်၊ ဥရောပနှင့် တရုတ်နိုင်ငံတို့မှာ စီးပွားရေးမောင်းနှင်အား လျော့ကျမှုတွေရဲ့ အကျိုးဆက်ကြောင့် နိုင်ငံအများအပြားမှာ စီးပွားရေးကျဆင်းမှုနှင့် အကြပ်အတည်း အခက်အခဲတွေကို ၂၀၂၂ ခုနှစ် ကထက်ပိုပြီး ယခု ၂၀၂၃ ခုနှစ်မှာ ပိုမိုရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) အကြီးအကဲက ပြောကြားခဲ့ပါသည်။
- အလားတူ ကမ္ဘာ့ဘဏ် (World Bank) မှလည်း ၂၀၂၃ ခုနှစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ခန့်မှန်းချက်ကို အထက်ပါ အခြေအနေများကြောင့် လျော့ချခန့်မှန်းခဲ့ကြောင်း သိရှိရပါသည်။
- ၂၀၂၃ ခုနှစ်၊ ဇွန်လ ကမ္ဘာ့ဘဏ် (World Bank) ၏ ထုတ်ပြန်ချက်အရ ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့အသားတင် ကုန်ထုတ်လုပ်မှု (GDP) ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ (၂.၁ %) သာရှိမည်ဟု ခန့်မှန်းထားပြီး ၂၀၂၂ ခုနှစ်ကထက် ကမ္ဘာ့အသားတင် ကုန်ထုတ်လုပ်မှု (GDP) တိုးတက်မှုနှုန်း (၁.၀%) ကျဆင်းသွားခဲ့ပါသည်။
- ၂၀၂၃ ခုနှစ်၊ ဇွန်လ ကမ္ဘာ့ဘဏ် (World Bank) မှ ထုတ်ပြန်ချက်အရ ရွေးချယ်ထားသော နိုင်ငံ (၂၀) ၏ အသားတင်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုနှုန်း (GDP Growth) ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။
- ၂၀၂၃ ခုနှစ်အတွင်း အမေရိကန်နိုင်ငံ၏ အသားတင်ကုန်ထုတ်လုပ်မှု (GDP) ဖွံ့ဖြိုး တိုးတက်မှုနှုန်းကို (၁.၁%) သာရှိမည်ဟုခန့်မှန်းထားပြီး၊ တရုတ်နိုင်ငံအနေဖြင့်(၅.၆%)၊ ဂျပန်နိုင်ငံအနေဖြင့် (၀.၈%)၊ ထိုင်းနိုင်ငံအနေဖြင့် (၃.၉%)၊ မလေးရှားနိုင်ငံအနေဖြင့် (၄.၃%)၊ ဗီယက်နမ်နိုင်ငံအနေဖြင့် (၆.၀ %)၊ မြန်မာနိုင်ငံအနေဖြင့် (၃.၀ %) ရှိမည်ဟု ခန့်မှန်းထားကြောင်း တွေ့ရှိရပါသည်။
- ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (WTO) ၏ နောက်ဆုံးထုတ်ပြန်ချက်အရ ကမ္ဘာ့ကုန်သွယ်မှုပမာဏ (World Merchandise Trade Volume) မှာ ၂၀၂၂ ခုနှစ်တွင် (၂.၇%) တိုးတက်ခဲ့ပြီး၊ ယခု ၂၀၂၃ ခုနှစ်တွင် (၁.၇ %)သို့ နှေးကွေးကျဆင်းသွားမည် ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ်တွင် (၃.၂ %) တိုးတက်မည်ဟု ခန့်မှန်းထားပါသည်။ အကြောင်းအရင်း အမျိုးမျိုးတို့ကြောင့် ကမ္ဘာ့စီးပွားရေး တိုးတက်မှုနှုန်း နှေးကွေးသွားသည့် အတွက် သွင်းကုန်ဝယ်လိုအား (Demand for Imports) အားနည်းသွားဖွယ်ရှိကြောင်းလည်း (WTO) မှ ထုတ်ပြန်ခဲ့ပါသည်။

**ရွေးချယ်ထားသော နိုင်ငံများ၏ အသားတင်ကုန်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်မှုနှုန်း**

(**GDP Growth Rate %**)

| စဉ် | နိုင်ငံ | ၂၀၂၁ (%) | ၂၀၂၂ (%) | ၂၀၂၃ (% ခန့်မှန်း) | ၂၀၂၄ (% ခန့်မှန်း) |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | ကမ္ဘာ့စုစုပေါင်း | ၆.၀ | ၃.၁ | ၂.၁ | ၂.၄ |
| ၂ | စီးပွားရေးဖွံ့ဖြိုးပြီးနိုင်ငံများ | ၅.၄ | ၂.၆ | ၀.၇ | ၁.၂ |
| ၃ | ထွန်းသစ်စ ဈေးကွက်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ | ၆.၉ | ၃.၇ | ၄.၀ | ၃.၉ |
| ၄ | အမေရိကန် | ၅.၉ | ၂.၁ | ၁.၁ | ၀.၈ |
| ၅ | တရုတ် | ၈.၄ | ၃.၀ | ၅.၆ | ၄.၆ |
| ၆ | ဂျပန် | ၂.၂ | ၁.၀ | ၀.၈ | ၀.၇ |
| ၇ | အိန္ဒိယ | ၉.၁ | ၇.၂ | ၆.၃ | ၆.၄ |
| ၈ | ဘရာဇီး | ၅.၀ | ၂.၉ | ၁.၂ | ၁.၄ |
| ၉ | မက္ကဆီကို | ၄.၇ | ၃.၀ | ၂.၅ | ၁.၉ |
| ၁၀ | ရုရှား | ၅.၆ | -၂.၁ | -၀.၂ | ၁.၂ |
| ၁၁ | ယူကရိန်း | ၃.၄ | -၂၉.၁ | ၂.၀ | … |
| ၁၂ | ဗီယက်နမ် | ၂.၆ | ၈.၀ | ၆.၀ | ၆.၂ |
| ၁၃ | ဖိလစ်ပိုင် | ၅.၇ | ၇.၆ | ၆.၀ | ၅.၉ |
| ၁၄ | ဘင်္ဂလားဒေ့ရှ် | ၆.၉ | ၇.၁ | ၅.၂ | ၆.၂ |
| ၁၅ | ကမ္ဘောဒီးယား | ၃.၀ | ၅.၂ | ၅.၅ | ၆.၁ |
| ၁၆ | အင်ဒိုနီးရှား | ၃.၇ | ၅.၃ | ၄.၉ | ၄.၉ |
| ၁၇ | မလေးရှား | ၃.၁ | ၈.၇ | ၄.၃ | ၄.၂ |
| ၁၈ | လာအို | ၂.၅ | ၂.၇ | ၃.၉ | ၄.၂ |
| ၁၉ | ထိုင်း | ၁.၅ | ၂.၆ | ၃.၉ | ၃.၆ |
| ၂၀ | မြန်မာ | -၁၈.၀ | ၃.၀ | ၃.၀ | … |

Source: World Bank (June 2023)